# ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 2, Vol: 2/2026

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက် (အင်္ဂါနေ့)

BRICS Pay ရင်ဆိုင်ရမည့် စိန်ခေါ်မှုများ

စာမျက်နှာ ၁




AI ကဏ္ဍကြောင့် အီလက်ထရောနစ်ပစ္စည်းများ ဝယ်လိုအားမြင့်တက်လာရာ ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့မှု (၄) နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ

စာမျက်နှာ ၈



အမေရိကန်-အီရန် တင်းမာမှုများလျော့ပါးလာနိုင်သည့် အလားအလာကြောင့် ရေနံဈေးနှုန်းများ ကျဆင်း

စာမျက်နှာ ၁၄



ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံတွင် အကြီးဆုံး ခရီးသွားလုပ်ငန်းဖြစ်လာဟုဆို

စာမျက်နှာ ၂၂



# သတင်းများ


| | | |
|---|---|---|
| BRICS Pay ရင်ဆိုင်ရမည့် စိန်ခေါ်မှုများ | ဒေါ်ဇာလီနွယ် (UMO) | ၁ |
| ဘင်္ဂလားဒေ့ရှ် အစိုးရသစ်နှင့် အာရှအင်အားကြီး နှစ်နိုင်ငံ၏ သံတမန်ရေးရာ ခြေလှမ်းသစ်များ | ဒေါ်ဇင်မာမြင့် (DICA) | ၃ |
| တရုတ်-လာအို ရထားလမ်းမကြီးပေါ်ရှိ သွားလာမှု စည်ကားလာခြင်းသည် ချိတ်ဆက်မှုများကို ခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ပေး | ဒေါ်ယုမိုးဦး (DICA) | ၆ |
| AI ကဏ္ဍကြောင့် အီလက်ထရောနစ်ပစ္စည်းများ ဝယ်လိုအားမြင့်တက်လာရာ ထိုင်းနိုင်ငံ၏ ပို့ကုန် တင်ပို့မှု (၄) နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ | ဒေါ်ရင်ရင်မာ (DICA) | ၈ |
| ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ရွေးကောက်ပွဲ အနိုင်ရမှုကြောင့် ပေကျင်း အစိုးရနှင့် ဆက်ဆံရေးတွင် တင်းမာမှုများ ပိုမိုမြင့်တက်လာနိုင် | ဒေါ်ခိုင်ရွှေစင်ထွန်း (FERD) | ၁၀ |
| အမေရိကန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်အသစ် လက်မှတ်ရေးထိုး | ဒေါ်ထက်နန္ဒာကျော် (FERD) | ၁၂ |
| အမေရိကန်-အီရန် တင်းမာမှုများလျော့ပါး လာနိုင်သည့် အလားအလာကြောင့် ရေနံဈေးနှုန်းများ ကျဆင်း | ဒေါ်ဆုရှန်းလဲ့ခင် (FERD) | ၁၄ |
| လပေါ်မှ ကမ္ဘာမြေသို့ လျှပ်စစ်မီးပေးမည့် စီမံကိန်း လုပ်ဆောင်ရန် ဂျပန်နိုင်ငံ အဆိုပြုကုလသမဂ္ဂအကြီး အကဲသတိပေး | ဦးသူရိန်ကိုကို (FERD) | ၁၅ |

# သတင်းများ


| | | |
|---|---|---|
| တရုတ်နိုင်ငံသည် ဂျာမနီနိုင်ငံနှင့် စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို အလေးထားကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောကြား | ဒေါ်အိသက်ခိုင် (UMO) | ၁၇ |
| ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ ပဋိပက္ခကာလ အတွင်းတွင် အိန္ဒိယနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများ အလုပ်အကိုင်ပိုမိုရရှိခဲ့ | ဒေါ်ဆုအိမ်သူ (UMO) | ၁၈ |
| BRICS တံခါးကို အမြဲဖွင့်ထားဆဲဟု သံတမန်ဆို- ၂၀၂၆ ခုနှစ်တွင် အဖွဲ့ဝင်သစ်များ ထပ်တိုးမည်ဟု အရိပ်အမြွက်ပြောကြား | ဒေါ်ဇာလီနွယ် (UMO) | ၂၀ |
| ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံတွင် အကြီးဆုံး ခရီးသွားလုပ်ငန်းဖြစ်လာဟုဆို | ဒေါ်ယမင်းသော် (FERD) | ၂၂ |
| ဖင်လန်နိုင်ငံအခြေစိုက် IQM ကုမ္ပဏီသည် လုပ်ငန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁.၈ဘီလီယံ သတ်မှတ်ချက်ဖြင့် ဥရောပ၏ ပထမဆုံးသော စတော့အိတ်ချိန်းစာရင်းဝင် ကွမ်တမ်နည်းပညာ ကုမ္ပဏီများထဲမှ တစ်ခုဖြစ်လာခြင်း | ဒေါ်ပြည့်ပြည့်ဖြိုး (UMO) | ၂၅ |

# BRICS Pay ရင်ဆိုင်ရမည့် စိန်ခေါ်မှုများ

အဖွဲ့ဝင် ၁၁ နိုင်ငံပါဝင်သော BRICS မဟာမိတ်အဖွဲ့သည် BRICS Pay စနစ်ကို စတင်ခြင်းဖြင့် ကမ္ဘာ့ဘဏ္ဍာရေးစနစ် (Global Financial System ) တွင် လမ်းကြောင်းသစ်တစ်ခု ဖောက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ အဆိုပါနယ်စပ်ဖြတ်ကျော် ငွေပေးချေမှုစနစ်သည် အမေရိကန် ဒေါ်လာအပေါ် မှီခိုမှုကိုလျှော့ချရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းသုံးငွေကြေးများကို မြှင့်တင်ရန်ရည်ရွယ်ပါသည်။ ရည်မှန်းချက် ကြီးမားသော်လည်း အဖွဲ့ဝင်နိုင်ငံများ၏ မတူညီသော နိုင်ငံရေးနှင့် စီးပွားရေး ဦးတည်ချက်များကြောင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်ပါသည်။

## BRICS Pay ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။




BRICS အဖွဲ့သည် အနောက်အုပ်စုက လွှမ်းမိုးထားသော SWIFT စနစ်ကဲ့သို့ သီးခြား လွတ်လပ်သည့် ငွေပေးချေမှု စနစ်တစ်ခု ဖြစ်လာရန် မျှော်မှန်းထားပါသည်။ SWIFT သည် သတင်းအချက်အလက် ပေးပို့သည့် စနစ်သာဖြစ်ပြီး ငွေပေးချေမှုအခြေပြုမှု (Settlement)ကို ကမ္ဘာ့ဘဏ်ကြီးများနှင့် ဒေါ်လာ၏ ငွေဖြစ်လွယ်မှု (Liquidity) တို့ဖြင့် ကျောထောက်နောက်ခံ ပြုထားခြင်းဖြစ်ပါသည်။ BRICS Pay ၏ ပန်းတိုင်မှာ ပြည်တွင်းသုံးငွေကြေးများဖြင့် ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေရန်၊ ကမ္ဘာ့ဘဏ္ဍာရေးလောကကို အင်အားစုပေါင်းစုံပါဝင်သည့် အသွင်ကူးပြောင်းရန်နှင့် အမေရိကန် အပါအဝင် အနောက်အုပ်စု၏ အခွန်အတုတ်နှင့် ပိတ်ဆို့အရေးယူမှုများမှ ကာကွယ်ရန် ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာအပေါ် မှီခိုနေရမှုကို အဆုံးသတ်ရေးသည် BRICS Pay စနစ်၏ အဓိကမဏ္ဍိုင်ဖြစ်ပါသည်။

## ရှေ့တွင် ရင်ဆိုင်ရမည့် ကြီးမားသော စိန်ခေါ်မှုများ

ရည်မှန်းချက်၊ အကောင်အထည်ဖော်မှုနှင့် လက်တွေ့အခြေအနေတို့သည် မတူညီကြပေ။ BRICS Pay ကို စတင်တည်ဆောက်ချိန်တွင် တစ်ဖက်ပါ စိန်ခေါ်

မှုကြီးများနှင့် ကြုံတွေ့ရနိုင်ပါသည်-

### (က) ကုန်သွယ်မှုပမာဏ (Trade Volume)

ငွေပေးချေမှုစနစ်တစ်ခု ထိရောက်အောင်မြင်ရန်အတွက် ကုန်သွယ်မှု ပမာဏသည် အလွန်ကြီးမားရန်လိုအပ်ပါသည်။ ဆိုလိုသည်မှာ နေ့စဉ် ဒေါ်လာဘီလီယံနှင့်ချီသော ကုန်စည်ဖလှယ်မှုများနှင့် ငွေပေးချေမှုများ ရှိရန်လိုအပ်ခြင်းဖြစ်ပါသည်။ ဤနေရာတွင် အဓိကရင်ဆိုင်ရမည့် ပြဿနာမှာ တရုတ်နိုင်ငံတစ်နိုင်ငံတည်းကသာ ပို့ကုန်အမြောက်အများတင်ပို့နေသဖြင့် တရုတ်နိုင်ငံကသာ အကျိုးအမြတ် အများဆုံးရရှိသွားနိုင်ခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ငွေပေးချေမှုများတွင် ဝေစုအများဆုံး ရရှိသည့်အတွက် BRICS Pay ၏ လုပ်ငန်းဆောင်တာများကိုပါ ထိန်းချုပ်လာနိုင်ပါသည်။ အခြားအဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုပမာဏသည် တရုတ်နှင့်နှိုင်းယှဉ်လျှင် သိသာစွာ ကွာဟနေမည်ဖြစ်ပါသည်။

### (ခ) ငွေကြေးအပေါ် ယုံကြည်မှု ပြဿနာ (Currency Trust Problem)

အမေရိကန်ဒေါ်လာသည် ၎င်း၏ ရန်ဘက်နိုင်ငံများကြားတွင်ပင် ကမ္ဘာ့ယုံကြည်ရဆုံး ငွေကြေးအဖြစ်ရပ်တည်လျက် ရှိပါသည်။ BRICS Pay စနစ်ကို အဖွဲ့ဝင်နိုင်ငံအချင်းချင်းကြားတွင် အသုံးပြုနိုင်သော်လည်း အခြားနိုင်ငံများအနေဖြင့် ၎င်းတို့၏ ပြည်တွင်းစီးပွားရေးကို မြှင့်တင်ပေးနိုင်စွမ်းမရှိသဖြင့် ထိုစနစ်ကိုလက်ခံရန် သို့မဟုတ် ထိုစနစ်ဖြင့် ပေးချေရန် အသင့်မဖြစ်နိုင်ပေ။ အမေရိကန်ဒေါ်လာသည် တည်ငြိမ်မှုနှင့် ချက်ချင်းငွေဖော်နိုင်စွမ်း (Instant Liquidity) ကို ပေးစွမ်းနိုင်သော်လည်း BRICS Pay တွင် ထိုကဲ့သို့သောအာမခံချက်ရှိမည်မဟုတ်ပေ။ ထို့ကြောင့် ပို့ကုန်လုပ်ငန်းရှင်များသည် ချက်ချင်းငွေပေးချေနိုင်မှုနှင့် ငွေဖြစ်လွယ်မှု အားသာချက်တို့ကြောင့် အမေရိကန်ဒေါ်လာကိုသာ ရွေးချယ်ကြမည်ဖြစ်ပါသည်။

### (ဂ) စီးပွားရေး ဦးစားပေးချက်များ ကွဲပြားခြင်း (Economic Priorities Differ)

BRICS အဖွဲ့ဝင် တစ်နိုင်ငံချင်းစီသည် သဘာဝချင်း မတူညီကြသကဲ့သို့ စီးပွားရေး ဦးစားပေးချက်များလည်း မတူညီကြပေ။ တရုတ်နိုင်ငံသည် ကုန်သွယ်မှုတွင် အချိုးအစားမမျှအောင် ကြီးစိုးထားသဖြင့် ငွေပေးချေမှုစီးဆင်းမှု (Settlement Flows)အပေါ် ဩဇာလွှမ်းမိုးနိုင် ပေလိမ့်မည်။ အိန္ဒိယသည် ၎င်း၏ IT နောက်ခံဝန်ဆောင်မှုကဏ္ဍ (Backend IT Sector) နှင့် GDP ကို မြှင့်တင်နိုင်ရန် အနောက်

အုပ်စု၏ ထောက်ခံမှုကို လိုလားနေပါသည်။ ရုရှားနှင့် အီရန်တို့သည် ပိတ်ဆို့မှုများကို ခံထားကြရသောကြောင့် အပြောင်းအလဲတစ်ခုကို အသည်းအသန်လိုလားလျက် ရှိကြသော်လည်း အခြားနိုင်ငံများမှာမူ ၎င်းတို့မည်သည်ကို လိုလားသည်ကို ဝေဝါး လျက်ရှိနေကြပါသည်။ ထို့ကြောင့် BRICS Pay စနစ်သည် တစ်သားတည်း မကျသော ပေါင်းစပ်မှုတစ်ခုသာဖြစ်နေပြီး အစဉ်အလာမပျက် ကျင့်သုံးခဲ့သည့် ဘဏ္ဍာရေး စနစ်ဟောင်း (Traditional Financial Order) ကို အစားထိုးမည် ဆိုသည့် ၎င်းတို့၏မူလခံယူချက်မှာ တဖြည်းဖြည်းမှေးမှိန်သွားနိုင်ပါသည်။

Source: https://watcher.guru/news/the-challenges-that-brics-pay-is-going-to-face

ဒေါ်ဇာလီနွယ်
ဒုတိယညွှန်ကြားရေးမှူး
ဦးစီးရုံး (ညွှန်ကြားရေးမှူးချုပ်ရုံးခန်း)
ပြည်ထောင်စုဝန်ကြီးရုံး

---

## ဘင်္ဂလားဒေ့ရှ် အစိုးရသစ်နှင့် အာရှအင်အားကြီး နှစ်နိုင်ငံ၏ သံတမန်ရေးရာ ခြေလှမ်းသစ်များ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဝန်ကြီးချုပ် တာရစ်ရာမန် (Tarique Rahman) ဦးဆောင်သော အစိုးရသစ် တာဝန်ယူပြီးနောက် ဒေသတွင်း ဩဇာကြီးမားသည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် အစိုးရသစ်နှင့် ဆက်ဆံရေးတိုးမြှင့်ရန် အပြိုင် အဆိုင် ခြေလှမ်းပြင်လာကြသည်။ အဆိုပါ ဆက်ဆံရေးသည် တောင်အာရှဒေသ၏ ပထဝီနိုင်ငံရေး အခင်းအကျင်းသစ်တွင် ဘင်္ဂလားဒေ့ရှ်၏ အရေးပါမှုကို မီးမောင်းထိုး ပြနေသည်။

### အိန္ဒိယ၏ ချဉ်းကပ်မှု "သမိုင်းဝင်ဆက်ဆံရေးမှသည် အနာဂတ်ပူးပေါင်း ဆောင်ရွက်မှုဆီသို့"

အိန္ဒိယအစိုးရသည် ဘင်္ဂလားဒေ့ရှ် အစိုးရသစ်နှင့် အပြုသဘောဆောင်သော ဆက်ဆံရေး တည်ဆောက်ရန် အလျင်အမြန် လုပ်ဆောင်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် နရင်ဒရာ မိုဒီ(Narendra Modi)သည် တာရစ်ရာမန်၏ ရွေးကောက်ပွဲ အောင်နိုင်မှု

အတွက် ပထမဆုံးဂုဏ်ပြုခဲ့သည့် ဒေသတွင်းခေါင်းဆောင်ဖြစ်ပြီး၊ ၎င်းအား နယူးဒေလီသို့ လာရောက်လည်ပတ်ရန်လည်း ဖိတ်ကြားခဲ့ပြီးဖြစ်သည်။



ဒါကာမြို့ရှိ အိန္ဒိယမဟာမင်းကြီး ပရာနေးဗားမား (Pranay Verma) သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေး ဝန်ကြီးသစ် ဒေါက်တာ ခါလီလူးရာမန် (Dr. Khalilur Rahman)နှင့် တွေ့ဆုံကာ အိန္ဒိယ၏ သဘောထားကို အခိုင်အမာ ပြောကြားခဲ့သည်။ မဟာမင်းကြီးက **“ကျွန်တော်တို့အနေနဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ရှိတဲ့ သမိုင်းဝင် ရင်းနှီးမှုကို အခြေခံပြီး ကမ္ဘာ့စုံမှာ ပြည်သူ့ဗဟိုပြု ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်သွားမှာပါ”** ဟု ဆိုသည်။ ထို့ပြင် အိန္ဒိယဘက်က ဒီမိုကရေစီနှင့် အားလုံးပါဝင်နိုင်သည့် ဘင်္ဂလားဒေ့ရှ် ဖြစ်လာရေးအတွက် ကူညီပံ့ပိုးသွားမည်ဟုလည်း ကတိပြုခဲ့သည်။

အိန္ဒိယအောက်လွှတ်တော် ဥက္ကဋ္ဌ အုမ်းဘာလာ (Om Birla) သည်လည်း ကျမ်းသစ္စာဆိုပွဲသို့ တက်ရောက်ခဲ့ပြီး ဝန်ကြီးချုပ်မိုဒီ၏ ကိုယ်ရေးကိုယ်တာ သဝဏ်လွှာကို တာရစ်ရာမန်ထံ ကိုယ်တိုင်လက်ရောက် ပေးအပ်ခဲ့ခြင်းက အိန္ဒိယ၏ အလေးထားမှုကို ပြသနေသည်။

### တရုတ်နိုင်ငံ၏ “ဘင်္ဂလားဒေ့ရှ် ပထမ” မူဝါဒအပေါ် ထောက်ခံမှု



အလားတူပင် တရုတ်နိုင်ငံသည်လည်း ဘင်္ဂလားဒေ့ရှ် အစိုးရသစ်နှင့် ဆက်ဆံရေး နက်ရှိုင်းစေရန် ကြိုးပမ်းလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တရုတ်သံ အမတ်ကြီး ယောင်ဝမ် (Yao Wen)သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဝန်ကြီးချုပ် တာရစ်ရာမန်အား သွားရောက်ဂါရဝပြု တွေ့ဆုံခဲ့သည်။ထိုတွေ့ဆုံပွဲတွင် သံအမတ် ကြီးဝမ်က တာရစ်ရာမန် ချမှတ်ထားသည့် ‘Bangladesh First’ (ဘင်္ဂလားဒေ့ရှ်ပထမ) မူဝါဒကို

တရုတ်နိုင်ငံက အပြည့်အဝထောက်ခံကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်၏ အခြေခံအဆောက်အအုံနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုများတွင် အဓိကရင်းနှီးမြှုပ်နှံသူဖြစ်ရာ၊ ယခုကဲ့သို့ အစိုးရသစ်နှင့် အလျင်အမြန် ထိတွေ့ဆက်ဆံခြင်းသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဩဇာလွှမ်းမိုးမှုကို ဆက်လက်ထိန်းသိမ်းလိုသည့် သဘောပင် ဖြစ်သည်။

**ဒေသတွင်း အားပြိုင်မှုနှင့် ဘင်္ဂလားဒေ့ရှ်၏ အနာဂတ်**

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနှင့် တရုတ်ဟူသော အင်အားကြီးနှစ်နိုင်ငံကြား သံတမန်ရေးရာ ချိန်ခွင်လျှာညှိနေရသည့် အခြေအနေတွင် ရှိသည်။ အိန္ဒိယ လုံခြုံရေးနှင့် သမိုင်းဝင် ချစ်ကြည်ရေးကို အလေးပေးနေချိန်တွင် တရုတ်နိုင်ငံက စီးပွားရေးနှင့် မဟာဗျူဟာမြောက် ပံ့ပိုးမှုများကို ကမ်းလှမ်းလျက်ရှိသည်။

ဝန်ကြီးချုပ် တာရစ်ရာမန်၏ ဦးဆောင်မှုအောက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဤအင်အားကြီး နှစ်နိုင်ငံလုံးနှင့် မည်ကဲ့သို့ ဟန်ချက်ညီညီ ဆက်လက်လက်တွဲသွားမည်ကို ဆက်လက် စောင့်ကြည့်သွားရမည် ဖြစ်သည်။

Source: https://www.google.com/ search?q=narinnjara+modi &rlz=1C1GCEU_enMM1126MM1127&oq=narinnjara+modi&gs_lcrp=EgZjaHJvbWUyBggAEEUYOTIJCAEQLhgNGIAEMgkIAhAA G A 0 Y gAQyCQgDEAAYDRiABD IJCAQQABgNGIAEMgkIBRAAGA0Y gA QyCQgGEAAYDRiABDIJ CAcQABgNGIAEMgkICBAAGA0YgAT SA QkxMTc5MGowajeoAgCwAgA&sourceid=chrome&ie=UTF-8

ဒေါ်ဇင်မာမြင့်
ဒုတိယညွှန်ကြားရေးမှူး
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

# တရုတ်-လာအို ရထားလမ်းမကြီးပေါ်ရှိ သွားလာမှု စည်ကားလာခြင်းသည် ချိတ်ဆက်မှုများကို ခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ပေး

တရုတ်-လာအို ရထားလမ်းသည် စတင်ဖွင့်လှစ်ပြီးချိန်မှစ၍ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးတွင် ခိုင်မာသောတိုးတက်မှုများရရှိခဲ့ပြီး လမ်းကြောင်းတစ်လျှောက် ဒေသတွင်းချိတ်ဆက်မှုနှင့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အားကောင်းသည့် ပံ့ပိုးမှုများ ပေးအပ်လျက်ရှိကြောင်း တရုတ်ရထားလမ်းကူမင်းအုပ်စု ကုမ္ပဏီလီမိတက်မှ ပြောကြားသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်နေ့အထိ တရုတ်-လာအို ရထားလမ်းသည် ခရီးသည်တင် ရထားစီးရေ စုစုပေါင်း ၉၀,၀၀၀ ခုကို ပြေးဆွဲနိုင်ခဲ့ပြီး ခရီးသည် စုစုပေါင်း ၆၆.၁၂ သန်းကို တင်ဆောင်ခဲ့သည်။ ၎င်းတို့အနက် ခရီးသည် ၅၃.၉၅ သန်းမှာ တရုတ်ပြည်တွင်းအပိုင်း၌ လည်းကောင်း၊ ၁၂.၁၇ သန်းမှာ နိုင်ငံခြားအပိုင်း၌ လည်းကောင်း သွားလာခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရထားလမ်းသည် တရုတ်နှင့် လာအိုကြားရှိ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် စီးပွားရေး ဖလှယ်မှုများကို သိသိသာသာ အဆင်ပြေချောမွေ့စေခဲ့ကြောင်း ကုမ္ပဏီကဆိုသည်။



တရုတ်-လာအို ရထားလမ်း စကြံသည် ဆောင်း-နွေဦး ခရီးသွားရာသီ အထွတ်အထိပ်သို့ ရောက်ရှိနေပြီဖြစ်သည်။ မြင့်တက်လာသော ဝယ်လိုအားကို ဖြည့်ဆည်းရန် အတွက် ရထားလမ်း အော်ပရေတာသည် သယ်ယူပို့ဆောင်ရေး စွမ်းဆောင်ရည်ကို မြှင့်တင်ခဲ့ပြီး နေ့စဉ်ခရီးသည်တင် ရထား ၇၀ ကျော်ကို ပြေးဆွဲကာ နေ့စဉ်ခရီးသည်အသွားအလာ ၆၀,၀၀၀ ကျော်ကို ကိုင်တွယ်ဆောင်ရွက်လျက် ရှိသည်။ ၎င်းတွင် နေ့စဉ်ခရီးသည် ၁,၀၀၀ ကျော်အတွက် နယ်စပ်ဖြတ်ကျော် သွားလာမှုကို အဆင်ပြေချောမွေ့စေသည့် နယ်စပ်ဖြတ်ကျော် ခရီးသည်တင် ရထားလေးစင်းလည်း ပါဝင်သည်။



တစ်ချိန်တည်းတွင် ယင်း ရထားလမ်းသည် ကုန်စည်တန်ချိန် စုစုပေါင်း ၇၆.၈ သန်းကို သယ်ယူပို့ဆောင်ခဲ့ပြီး ယင်းအထဲတွင် နယ်စပ်ဖြတ်ကျော် ကုန်စည်တန်ချိန် ၁၇ သန်း ပါဝင်သည်။ ယင်း၏ ဝန်ဆောင်မှုများသည် ယခုအခါ တရုတ်နိုင်ငံရှိ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြူနီစီပါယ်အဆင့် စုစုပေါင်း ၃၁ ခုအထိ လွှမ်းခြုံထားပြီး လာအို၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် ဗီယက်နမ် အပါအဝင် နိုင်ငံနှင့်ဒေသပေါင်း ၁၉ ခုအထိလည်း ချိတ်ဆက်ပေးထားသည်။ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်သည့် ကုန်စည်အမျိုးအစားများမှာ အမျိုးအစားပေါင်း ၃,၈၀၀ ကျော် အထိ ကျယ်ပြန့်လာခဲ့သည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၏မြို့တော် ကူမင်းမှ လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းအထိ ကီလိုမီတာ ၁,၀၃၅ ရှည်လျားသည့် တရုတ်-လာအို ရထားလမ်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်နေ့တွင် စတင်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။ မြင့်တက်လာသော နယ်စပ်ဖြတ်ကျော် ခရီးသွားလာရေး လိုအပ်ချက်ကို ဖြည့်ဆည်းရန် ကူမင်းနှင့် ဗီယင်ကျန်းကြား အပြည်ပြည်ဆိုင်ရာ ခရီးသည်တင် ရထားဝန်ဆောင်မှုများကို ၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် စတင်မိတ်ဆက်ခဲ့သည်။

Source: https://english.news.cn/20260208b71309bd78a045dcacebd 2ea 3a08dc07/c.html

ဒေါ်ယုမိုဦး
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုဌာနခွဲ (၃)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

# AI ကဏ္ဍကြောင့် အီလက်ထရောနစ်ပစ္စည်းများ ဝယ်လိုအားမြင့်တက်လာရာ ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့မှု (၄) နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ

အီလက်ထရောနစ် ထုတ်ကုန်များ ပြည်ပသို့ တင်ပို့မှု မြင့်တက်လာခြင်းနှင့် ကုန်ကြမ်းပစ္စည်းများ၊ စက်ယန္တရားများအတွက် ပြည်တွင်းဝယ်လိုအား ကောင်းမွန်လာခြင်းတို့ကြောင့် ထိုင်းနိုင်ငံ၏ ပို့ကုန်နှင့် သွင်းကုန်ပမာဏသည် ၄ နှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားခဲ့သည်။ တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေး သဘောတူညီချက်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။



ထိုင်းနိုင်ငံရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက် အလက်များအရ ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလ တူထက် ၂၄.၄% ခုန်တက်သွားခဲ့ပြီး သွင်းကုန်မှာလည်း ၂၉.၄% ထိမြင့်တက်ခဲ့သည်ဟု သိရသည်။ အဆိုပါ ကိန်းဂဏန်းနှစ်ရပ်လုံးသည် Bloomberg ၏ စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည့် အကောင်းဆုံးအခြေ အနေထက်ပင် ကျော်လွန်နေပြီး ၂၀၂၁ ခုနှစ်နှောင်းပိုင်းနောက်ပိုင်း အမြန်ဆုံးတိုးတက်မှုနှုန်းလည်းဖြစ်သည်။

ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ နန်တာပေါင်ချီရာလာဖုန်း (Nantapong Chiralerspong) က ယခုကဲ့သို့ ပို့ကုန်များ အရှိန်အဟုန်ဖြင့် မြင့်တက်လာခြင်းမှာ ဉာဏ်ရည်တု (AI) နှင့် ဒေတာစင်တာများအတွက်လိုအပ်သော အီလက်ထရောနစ်ပစ္စည်းများ၏ **"အထက်တက်သံသရာ"** (Up cycle) ဝယ်လိုအားကို ထင်ဟပ်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းက အဆိုပါတိုးတက်မှုသည် တရုတ်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံမှတစ်ဆင့် အမေရိကန်သို့ ကြားခံတင်ပို့ခြင်း (Transshipments) ကြောင့် မဟုတ်ကြောင်း အတည်ပြုခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးဌာနအရာရှိက ဆက်လက်ပြောကြား

ရာတွင် သမ္မတဒေါ်နယ်ထရမ့်၏ ကမ္ဘာလုံးဆိုင်ရာ အကောက်ခွန်စည်းကြပ်မှုအများစုကို တရားလွှတ်တော်ချုပ်က ပယ်ဖျက်လိုက်ပြီးနောက် ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်နှင့် ကုန်သွယ်ရေးဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဆိုသည်။ သို့သော်လည်း ထရမ့်က ကုန်သွယ်ဖက်နိုင်ငံများကို ဖိအားပေးရန်အတွက် အခွန်နှုန်း ၁၅% အသစ်ကို အဆိုပြုထားဆဲဖြစ်သည်။

ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတွင် ဒေါ်လာ ၇.၂ ဘီလီယံ ကုန်သွယ်မှုလိုငွေ ပြနေသော်လည်း အမေရိကန်နှင့် ကုန်သွယ်မှုတွင်မူ ဒေါ်လာ ၄.၈ ဘီလီယံ ကုန်သွယ်မှုပိုငွေ ရရှိထားသည်။

အဆိုပါ အချက်အလက်များသည် ယာယီဝန်ကြီးချုပ် အနူတင်ချန်ဝီရာကူးလ် (Anutin Charnvirakul)အတွက် သတင်းကောင်းပင်ဖြစ်သည်။ ၎င်း၏ ဘူမ်ဂျိုင်ထိုင်းပါတီ (Bhumjaithai Party) သည် ရွေးကောက်ပွဲတွင် မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်သော ရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ယခုလအတွင်း ညွန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ မစ္စတာအနူတင်သည် အခြားသော အရှေ့တောင်အာရှ စီးပွားရေးနိုင်ငံကြီးများထက် နောက်ကျနေသည့် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို မြှင့်တင်ပေးမည်ဟု ကတိပြုထားသူ ဖြစ်သည်။

Source: https://www.bangkokpost.com/business/general/3203310/thai-exports-jump-most-in-four-years-on-ailed-electronics-boom?utm_campaign=Article&utm_source=article_suggestion_business&utm_medium=reccommended&utm _content=suggestion-articleaKgf

ဒေါ်ရင်ရင်မာ
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

# ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ရွေးကောက်ပွဲအနိုင်ရမှုကြောင့် ပေကျင်းအစိုးရနှင့် ဆက်ဆံရေးတွင် တင်းမာမှုများ ပိုမိုမြင့်တက်လာနိုင်

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆာနဲတာကာအိချီ၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် အောက်လွှတ်တော် ၄၆၅ နေရာအနက် ၃၅၂ နေရာကို ရွေးကောက်ပွဲ အနိုင်ရရှိခဲ့ခြင်းကြောင့် သူမ၏ စစ်ရေးအာမခံရေးမူဝါဒများကို ပြည်တွင်းနိုင်ငံရေး အတိုက်အခံများမှ ထိန်းချုပ်နိုင်စွမ်း လျော့နည်းသွားပြီး တရုတ်နိုင်ငံက စိုးရိမ်နေသော စစ်ရေးတိုးချဲ့ရေးအစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်ရန် အားပေးမှု တိုးမြင့်လျက်ရှိပါသည်။

တာကာအိချီက တရုတ်နိုင်ငံ၏ ခြိမ်းခြောက်မှုများကို တားဆီးနိုင်မည့် စစ်တပ်တည်ဆောက်ရေး ပါဝင်သော မိမိအစိုးရ၏ အစီအစဉ်များကို အပြည့်အဝ ကြိုးပမ်း အကောင်အထည်ဖော်မည် ဖြစ်ကြောင်းနှင့် ၎င်းအစီအစဉ်များတွင် ထိုင်ဝမ် (တရုတ်-တိုင်ပေ)အနီးရှိ ဂျပန်နိုင်ငံပိုင်ကျွန်းများလည်း ပါဝင်ကြောင်း ပြောကြားခဲ့ ပါသည်။



ပြီးခဲ့သည့် နိုဝင်ဘာလတွင် ထိုင်ဝမ် (တရုတ်-တိုင်ပေ) ကို တရုတ်နိုင်ငံက တိုက်ခိုက်လာပြီး အဆိုပါ တိုက်ခိုက်မှုသည် ဂျပန်ပိုင် နယ်မြေများကို ခြိမ်းခြောက်လာပါက စစ်ရေး နည်းလမ်းဖြင့် တုံ့ပြန်နိုင်ကြောင်း ပြောဆိုခဲ့ရာ သူမ၏ ထိုင်ဝမ်(တရုတ်-တိုင်ပေ)ဆိုင်ရာ မှတ်ချက်များအပေါ် တရုတ်နိုင်ငံက ပြင်းထန်စွာ တုံ့ပြန်ခဲ့ပါသည်။ ဂျပန်နိုင်ငံသည် မှားယွင်းသောလမ်းကြောင်းကို ဆက်လျှောက်ပါက ဂျပန်စစ်ရေးဝါဒ ပြန်လည်ပေါ်ပေါက်လာခြင်းကို တင်းကြပ်စွာ တားဆီးသွားမည်ဖြစ်ကြောင်းလည်း သတိပေးခဲ့ပါသည်။ ထို့ပြင်တရုတ်အစိုးရသည် ဂျပန်နိုင်ငံသို့ ခရီးသွားလာမှု များကို ကန့်သတ်ခြင်း၊ စစ်ရေးပစ္စည်းများတွင် အသုံးပြု နိုင်သော ရှားပါးဒြပ်စင်များ အပါအဝင် ကုန်ပစ္စည်းအချို့ကို တင်ပို့မှုကန့်သတ်ခြင်း စသည့် စီးပွားရေးတန်ပြန် အရေးယူမှုများကိုလည်း ချမှတ်ခဲ့ပါသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ရွေးကောက်ပွဲအပြီး ပထမဆုံး

အကြိမ်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တာကာအိချီက ဂျပန်နိုင်ငံ အနေဖြင့် ဆွေးနွေးညှိနှိုင်းရေးအတွက် ဖွင့်လှစ်ထားကြောင်း၊ ဂျပန်နိုင်ငံ၏ အမျိုးသားအကျိုး စီးပွားကိုအခြေခံ၍ အေးဆေးတည်ငြိမ်စွာနှင့် သင့်လျော်စွာ တုံ့ပြန်သွားမည် ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ တာကာအိချီသည် လာမည့်မတ်လအကုန်တွင် ကာကွယ်ရေးအသုံးစရိတ်ကို ပြည်တွင်း စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၂ ရာခိုင်နှုန်းအထိ ရောက်ရှိစေရန် ရည်မှန်းကာ စစ်ရေးအသုံးစရိတ်တိုးမြှင့်ရေးကို လျင်မြန်စွာ အကောင်အထည်ဖော်လျက်ရှိပြီး လက်နက်တင်ပို့မှုဆိုင်ရာ ကန့်သတ်ချက်များကို လျှော့ချလျက် အခြားနိုင်ငံများနှင့်ပူးပေါင်းကာ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး စီမံကိန်းများ ဆောင်ရွက်နိုင်ရန်လည်း ကတိပြုထားပါသည်။

တာကာအိချီက ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံများသည် စစ်ပွဲပုံစံအသစ်များအတွက် အရေးပေါ် ပြင်ဆင်နေကြကြောင်း၊ ကိုယ်တိုင်ကာကွယ်ရန် ဆုံးဖြတ်ချက်နှင့် စိတ်အားထက်သန်မှုမရှိသည့် နိုင်ငံကိုမည်သူမျှ ကူညီမည်မဟုတ်ကြောင်း ထပ်မံ ပြောဆိုခဲ့ပါသည်။ RAND Corporation မှ ဂျပန်လုံခြုံရေးမူဝါဒ ကျွမ်းကျင်သူ Jeffrey Hornung က တာကာအိချီ၏ လုံခြုံရေးဆိုင်ရာ ရည်မှန်းချက်များသည် အခွန် လျှော့ချရေးနှင့် စီးပွားရေးလှုံ့ဆော်ရေးမူဝါဒများကြောင့် ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေး အပေါ်ဖိအား တိုးစေနိုင်ကြောင်း သတိပေးခဲ့ပြီး အသုံးစရိတ်အစီအစဉ်များကိုပါ တပြိုင်နက်တည်း ဆောင်ရွက်နေသောကြောင့် အသုံးစရိတ်များကို ထပ်မံတိုးမြှင့်ရန် ခက်ခဲနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

Source https://www.reuters.com/world/china/japan-pms-big-election -win-could-mean-more-beef-with beijing-2026-02-09/

ဒေါ်ခိုင်ရွှေစင်ထွန်း
ဦးစီးအရာရှိ
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## အမေရိကန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်အသစ် လက်မှတ်ရေးထိုး

အမေရိကန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ ဝါရှင်တန် မြို့၌ အပြန်အလှန် အကောက်ခွန်စည်းကြပ်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အဆိုပါ သဘောတူညီချက်ကို နှစ်နိုင်ငံအကြား ကုန်သွယ်ရေးမညီမျှမှုများကို လျှော့ချရန်နှင့် အမေရိကန်နိုင်ငံ၏ ဈေးကွက်ထဲသို့ ဘင်္ဂလားဒေ့ရှ်ပို့ကုန်များ ဝင်ရောက်ခွင့် ရရှိနိုင်ရေး ပြုလုပ်နိုင်ရန် ရည်ရွယ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးအကြံပေးဖြစ်သူ Sk Bashir Uddin နှင့် အတွင်းဝန် Mahbubur Rahman တို့သည် Dhaka မြို့မှ Virtual စနစ်ဖြင့် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပြီး WTO ၏ အကြီးအကဲနှင့် အတွင်းဝန်ဖြစ်သူ Khadija Naznin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံ၏ မြို့တော်တွင် နိုင်ငံ့ကိုယ်စားပြုအနေဖြင့် လူကိုယ်တိုင် ပါဝင်တက်ရောက်ခဲ့ကြပါသည်။



လက်မှတ်ရေးထိုးပွဲ အခမ်းအနားအပြီးတွင် အဆိုပါသဘော တူညီချက်၏ အသေးစိတ်ကို ထုတ်ပြန်မည်ဖြစ်ကြောင်း Bashir က ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင်ပြောကြားခဲ့ပါသည်။ အမေရိကန်နိုင်ငံသည် ၎င်း၏ ကုန်သွယ်ရေး လိုငွေပြမှုကို လျှော့ချနိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အပါအဝင် နိုင်ငံအများအပြားထံမှ ပို့ကုန်များအပေါ် အကောက်ခွန်များ စည်းကြပ်ကောက်ခံရန် ကြိုးပမ်းဆောင်ရွက်နေစဉ် အဆိုပါ သဘောတူညီချက် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လမှ စ၍ အမေရိကန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပို့ကုန်များအပေါ် အကောက်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံလျက်ရှိပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နှစ်စဉ် အမေရိကန်ဈေးကွက်သို့ အမေရိကန်

ဒေါ်လာ ၈ ဘီလီယံတန်ဖိုးရှိ ကုန်စည်များတင်ပို့နေပြီး အမေရိကန်နိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံ တန်ဖိုးရှိသဖြင့် ကုန်သွယ်မှုကွာဟချက် သိသိသာသာဖြစ်ပေါ်နေပါသည်။ အဆိုပါသဘောတူညီချက်အရ နှစ်နိုင်ငံအကြားကုန်သွယ်ရေးညီမျှမှု ဖြစ်ပေါ်လာစေရန် ဘင်္ဂလာဒေ့ရှ်နိုင်ငံသည်အမေရိကန်နိုင်ငံမှ ဂျုံ၊ စားသုံးဆီ၊ လောင်စာဆီနှင့် ဝါဂွမ်းစသည့် ကုန်စည်တို့ကို တိုးမြှင့်တင်သွင်းရမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရသည် အမေရိကန်ထုတ် Boeing လေယာဉ် ၂၅ စီး ဝယ်ယူရန် စီစဉ်နေပါသည်။

အမေရိကန်နိုင်ငံဘက်မှ လေယာဉ် ၄၇ စီး ဝယ်ယူရန် ကနဦး အဆိုပြုခဲ့သော်လည်း လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်အစိုးရက ၂၅ စီး ဝယ်ယူရန်သာ ဆုံးဖြတ်ခဲ့ပါသည်။ အမေရိကန်နိုင်ငံသည် မူလက ဘင်္ဂလား ဒေ့ရှ်နိုင်ငံ၏ ပို့ကုန်များအပေါ် အကောက်ခွန် ၃၇ ရာခိုင်နှုန်း ချမှတ်ခဲ့ပြီး ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် အကောက်ခွန် ၂၀ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်၎င်း၏ အဓိကပို့ကုန်ဖြစ်သည့် အသင့်ဝတ် အထည်များအပေါ် အကောက်ခွန်ကင်းလွတ်ခွင့်ရရှိရန် ကြိုးပမ်းနေပါသည်။

Source: https://www.tbsnews.net/economy/bangladesh-sign-reciprocal-tariff-trade-deal-us-today-1355576

ဒေါ်ထက်နန္ဒာကျော်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

# အမေရိကန်-အီရန် တင်းမာမှုများလျော့ပါးလာနိုင်သည့် အလားအလာကြောင့် ရေနံဈေးနှုန်းများကျဆင်း

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ဆွေးနွေးမှုများ တိုးတက်လာခြင်းကြောင့် နှစ်နိုင်ငံတင်းမာမှုများ လျော့ပါးလာမည့် မျှော်လင့်ချက်များ မြင့်တက်လာစေပြီး အရှေ့အလယ်ပိုင်းဒေသမှ ရေနံတင်ပို့မှု ပြတ်တောက်နိုင်ခြေ နည်းပါးသွားသည့်အတွက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကမ္ဘာ့ရေနံဈေးနှုန်းများ အနည်းငယ် ကျဆင်းခဲ့ပါသည်။ နှစ်နိုင်ငံအကြား ကာလရှည်ကြာဖြစ်ပွားနေသည့် နျူကလီးယားအငြင်းပွားမှုကို ဖြေရှင်းရန် ဆွေးနွေးရာတွင် အဓိကလမ်းညွှန် အခြေခံမှုများနှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် နားလည်မှုရရှိခဲ့သော်လည်း သဘောတူညီချက် ရရှိရန် နီးစပ်လာပြီဟု ဆိုလိုခြင်းမဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အရတ်ချီက ပြောကြားခဲ့ပါသည်။



ဈေးကွက် ကျွမ်းကျင်သူများကမူ ယခုတိုးတက်မှုအပေါ် စောင့်ကြည့်လျက် ရှိပြီး ယခုတိုးတက်မှုသည် ပထဝီနိုင်ငံရေး တင်းမာမှုများကို လျော့ကျစေပြီး အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုကို တိုးတက်လာစေနိုင်သော်လည်း ကာလတိုအတွင်း ဤကဲ့သို့ ရလာဒ်မျိုးထွက်ပေါ်လာနိုင်မည်ဟု ယုံကြည်ရန်မှာ ခက်ခဲနေဆဲဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဇန်နဝါရီလအတွင်း ခေတ္တရပ်နားထားခဲ့ရသော ကမ္ဘာ့အကြီးဆုံး ရေနံမြေတစ်ခုဖြစ်သည့် ကာဇက်စတန်နိုင်ငံရှိ Tengiz ရေနံမြေမှ ရေနံထုတ်လုပ်မှုများ ပြန်လည်မြင့်တက်လာခြင်းကလည်း ရေနံဈေးကွက်အပေါ်တွင် ဖိအားဖြစ်စေခဲ့ပါသည်။ အဆိုပါရေနံမြေသည် ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် အပြည့်အဝ ပြန်လည်ထုတ်လုပ်နိုင်မည်ဟု သိရှိရပါသည်။

ဈေးကွက်အနေဖြင့် American Petroleum Institute (API) ၏ အစီရင်ခံစာနှင့် အမေရိကန်စွမ်းအင် သတင်းအချက် အလက်ဌာန (EIA) ၏ အစီရင်ခံစာများကို စောင့်ကြည့်လျက်ရှိပြီး Reuters သတင်းဌာနမှ ကောက်ယူခဲ့သော စစ်တမ်းအရ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အမေရိကန်၏ ရေနံစိမ်းသိုလှောင်မှု ပမာဏမှာ မြင့်တက်လာနိုင်ချေရှိပြီး ဒီဇယ်နှင့် ဓာတ်ဆီသိုလှောင်မှုများမှာမူ လျော့ကျသွားနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ အထိ တစ်ပတ်တာကာလအတွင်း ရေနံစိမ်းသိုလှောင်မှုမှာ ရေနံစိမ်းစည်ပေါင်း ၂.၃ သန်းခန့်ထိ မြင့်တက်လာနိုင်သော်လည်း၊ ဓာတ်ဆီသိုလှောင်မှုမှာ စည်ပေါင်း ၂ သိန်းခန့် လျော့ကျခဲ့ပြီး ဒီဇယ်နှင့် အပူပေးဆီများ ပါဝင်သော ဒီဇယ်ဆီ သိုလှောင်မှုမှာ စည်ပေါင်း ၁.၆ သန်းခန့် ကျဆင်းသွားမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားပါသည်။

Source: https://www.channelnewsasia.com/business/oil-prices-lose-ground-hopes-de-escalation-in-us-iran-tensions-5937236

ဒေါ်ဆုရွှန်းလဲ့ခင်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန


---

## လပေါ်မှ ကမ္ဘာမြေသို့ လျှပ်စစ်စွမ်းအား ပေးမည့် စီမံကိန်းလုပ်ဆောင်ရန် ဂျပန်နိုင်ငံအဆိုပြု

ဂျပန်နိုင်ငံသည် သိပ္ပံစိတ်ကူးယဉ်ဇာတ်လမ်းများတွင် တွေ့ရတတ်သော စီမံကိန်းကြီးတစ်ခုကို အကောင်အထည်ဖော်ရန် မျှော်မှန်းနေကြောင်း သိရှိရပါသည်။ လကမ္ဘာ၏ အီကွေတာတစ်လျှောက်တွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ တပ်ဆင်ပြီး ကမ္ဘာမြေကို လျှပ်စစ်ဓာတ်အားပေးပို့မည့် Luna Ring စီမံကိန်း ဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါစီမံကိန်း၏ အဓိကစိတ်ကူးသည် လကမ္ဘာ၏ အီကွေတာလုံးပတ် (၁၁၀၀၀) ကီလိုမီတာတစ်လျှောက်တွင် ဆိုလာပြားခါးပတ်ကွင်းကြီး တစ်ခု တည်ဆောက်ရန်ဖြစ်ပြီး ကမ္ဘာမြေတွင် မိုးတိမ်ဖုံးခြင်း ညဘက်ရောက်သွားခြင်းမျိုး မရှိဘဲ လကမ္ဘာပေါ်မှ နေရောင်ခြည်ကို (၂၄) နာရီကြာ ရရှိနိုင်မည်ဖြစ်ပါသည်။

ရရှိလာသောစွမ်းအင်များကို လေဆာ သို့မဟုတ် မိုက်ခရိုဝေ့ဖ် နည်းပညာနှင့် ကမ္ဘာမြေပေါ်မှ လက်ခံစခန်းများဆီ ကြိုးမဲ့စနစ်ဖြင့် ပို့လွှတ်သွားဖွယ်ရှိနေကြောင်း သိရှိရပါ သည်။



ဂျပန်အခြေစိုက် Shimizu Corporation စီးပွားရေး လုပ်ငန်းစု၏ အဆိုပြုချက်အရ စီမံကိန်းကို လူအင်အားထက် စက်ရုပ်များကို အဓိကထားအသုံးပြု တည်ဆောက်သွားရန် စီစဉ်နေကြောင်း သိရှိရပါသည်။ လက်ရှိအချိန်တွင် အဆိုပါစီမံကိန်းသည် ကြီးမားသည့် အင်ဂျင်နီယာဆိုင်ရာ စိန်ခေါ်မှုများရှိနေသော်လည်း ကမ္ဘာ့စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အကောင်းဆုံးအဖြေတစ်ခု ဖြစ်လာနိုင်ဖွယ်ရှိနေပါသည်။ ဂျပန်ပညာရှင်များက အဆိုပါစီမံကိန်း အောင်မြင်ခဲ့မည်ဆိုလျှင် ကမ္ဘာကြီးအနေဖြင့် ကျောက်မီးသွေးနှင့် ရေနံအပေါ် မှီခိုနေရခြင်း လျော့ကျနိုင်ဖွယ်ရှိသည်ဟု မျှော်လင့်နေပါသည်။

Source: https://www.npnewsmm.com/news/6986eb397557b63feb3d9575

ဦးသူရိန်ကိုကို
ဒုတိယဦးစီးမှူး
အာရှနှင့်အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

# တရုတ်နိုင်ငံသည် ဂျာမနီနိုင်ငံနှင့် စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို အလေးထားကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှပြောကြား



တရုတ်နိုင်ငံသည် ဂျာမနီနိုင်ငံနှင့်စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို အလွန်အလေးထားကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန က ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပြောကြားခဲ့သည်။ တရုတ်နိုင်ငံနှင့် ဂျာမနီနိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်ပြီး နှစ် ၅၀ ကျော်အတွင်း နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်း ဆောင်ရွက်မှုသည် တဖြည်းဖြည်း နက်ရှိုင်းလာကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံသည် ဥရောပတွင် တရုတ်နိုင်ငံ၏အကြီးဆုံး ကုန်သွယ်ဖက်နှင့် အကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်အဖြစ် ဆက်လက်တည်ရှိနေပြီး နှစ်နိုင်ငံသည် ကျယ်ပြန့်သော စက်မှုကဏ္ဍ ပေါင်းစည်းမှုရှိခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။ ပြီးခဲ့သောနှစ်များအတွင်း တရုတ်နိုင်ငံနှင့် ဂျာမနီနိုင်ငံအကြား နှစ်စဉ်ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံကို ကျော်လွန်ခဲ့သည်။

ဂျာမနီဝန်ကြီးချုပ် Friedrich Merz သည် မော်တော်ကား၊ ဓာတုဗေဒ၊ ဇီဝဆေးဝါး၊ စက်ယန္တရား ထုတ်လုပ်ခြင်းနှင့် အဓိကကဏ္ဍများရှိ ထိပ်တန်းဂျာမန်ကုမ္ပဏီ ၃၀ ခန့်မှ အကြီးတန်း အမှုဆောင်အရာရှိများနှင့်အတူ တရုတ်နိုင်ငံသို့ အဆင့်မြင့် ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်ရန် စီစဉ်ထားရှိကြောင်း ပြောကြားခဲ့ပြီး ၎င်းသည် နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေး ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေရန် ဂျာမနီ၏ ခိုင်မာသော ကတိကဝတ်ကို ပေါ်လွင်စေကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဂျာမနီနိုင်ငံနှင့် ၎င်းတို့၏ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် အလွန်အရေးပါပြီး နှစ်နိုင်ငံစလုံးမှ စီးပွားရေး လုပ်ငန်းများအကြား ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ပလက်ဖောင်းတစ်ခု ပံ့ပိုး

ပေးရန်ရည်ရွယ်သည့် တရုတ်-ဂျာမနီ စီးပွားရေးအကြံပေးကော်မတီ အစည်းအဝေးကဲ့သို့သောပူးတွဲလုပ်ဆောင်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

Source: [http://www.china.org.cn/2026-02/25/content_118344611.shtml](http://www.china.org.cn/2026-02/25/content_118344611.shtml)

ဒေါ်အိသက်ခိုင်

ဦးစီးအရာရှိ

e-Government ဌာနခွဲ

ပြည်ထောင်စုဝန်ကြီးရုံး

---

**ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ ပဋိပက္ခကာလအတွင်းတွင် အိန္ဒိယနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများ အလုပ်အကိုင်ပိုမိုရရှိခဲ့**

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် ပဋိပက္ခကာလအတွင်း အလုပ်သမားအင်အားရှားပါးမှုနှင့် ရင်ဆိုင်နေရသည်။ ရုရှားနှင့် ယူကရိန်းတို့သည် တပ်ဖွဲ့ဝင်များအားပိုမို တပ်ဖြန့်ချထားခြင်းကြောင့် လိုအပ်သော လုပ်သားအင်အားများကို အိန္ဒိယနိုင်ငံကဲ့သို့ ကမ္ဘာ့တောင်ပိုင်းနိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများအပေါ် ပို၍ ခေါ်ယူခဲ့ကြသည်။

ရုရှားနိုင်ငံသည် ဗီဇာလိုအပ်လျက်ရှိသည့် ရွှေ့ပြောင်းလုပ်သားများအား အလုပ်လုပ်ကိုင်ခွင့် ပါမစ် ၂၄၀,၀၀၀ ခန့် ထုတ်ပေးခဲ့ကြောင်း ရုရှားပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဒုတိယအကြီးဆုံး လုပ်သားရင်းမြစ်ဖြစ်ပြီး ရုရှားနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ခွင့်ပြုခဲ့သည့် လုပ်သားအင်အားထက် ဆယ်ဆတိုးလာပြီး ခွင့်ပြုချက် ၅၆၀၀၀ ထုတ်ပေးခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ရုရှားနှင့် အိန္ဒိယတို့မှ ယာယီရွှေ့ပြောင်း လုပ်သားများအတွက် လုပ်ထုံးလုပ်နည်းများအား လွယ်ကူစေရန်အတွက် နှစ်နိုင်ငံသဘောတူညီခဲ့ကြသည်။ မော်စကိုမြို့သည် တစ်နှစ်လျှင် အိန္ဒိယအလုပ်သမား ၇၀,၀၀၀ ကျော်ကို လက်ခံရန် စီစဉ်ထားသည်။

အိန္ဒိယနိုင်ငံရှိ အလုပ်အကိုင်အေဂျင်စီများသည် ရုရှားနိုင်ငံ၏ မြို့ငယ်များနှင့် မော်စကိုမြို့တွင်ရှိသော ကုမ္ပဏီများမှ မော်တော်ကားစက်ပြင်လုပ်သားများ၊ IT ၊

အင်ဂျင်နီယာ၊ လယ်ယာလုပ်သားများအထိ အမျိုးမျိုးသော အလုပ်အကိုင်အခွင့်အလမ်းများအတွက် အလုပ်ခေါ်ယူခဲ့ကြသည်။ အိန္ဒိယနိုင်ငံ၏ Ambe အလုပ်အကိုင်အေဂျင်စီသည် ရုရှားနိုင်ငံရှိ အလုပ်အကိုင်များနှင့် ရွှေ့ပြောင်းလုပ်သားများကို ချိတ်ဆက်ပေးခဲ့သည်။ ရုရှားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအတွက် ရွှေ့ပြောင်းလုပ်သားများလိုအပ်မှုသည် ဆက်လက်မြင့်တက်နေမည်ဟု အိန္ဒိယနိုင်ငံရှိ အလုပ်အကိုင် အေဂျင်စီများမှ မျှော်လင့်ထားကြသည်။ အိန္ဒိယနိုင်ငံ၏ လုပ်သားများသည် လုပ်ငန်းခွင်အတွင်း လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်ပြီး ကုန်ကျစရိတ်သက်သာသည်ဟု ရုရှားကုမ္ပဏီများက သတ်မှတ်ခဲ့သည်။



အိန္ဒိယနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများသည် တစ်လလျှင် ရုရှားရူဘယ် ၁၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၀၀)နီးပါး ရရှိပြီးနေထိုင်ရေး၊ စားသောက် စရိတ်နှင့် ရုရှားဘာသာစကား သင်ခန်းစာများကို တက်ရောက်နိုင်ပါသည်။ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလတွင် ရုရှားနိုင်ငံ၏ အလုပ်သမားနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ကြီး Anton Kotyakov သည် နိုင်ငံအနေဖြင့် တစ်နှစ်လျှင် အလုပ်သမား ၁.၇ သန်း ရရှိရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ယူကရိန်းနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားများအား အလုပ်လုပ်ခွင့်ပါမစ် ၇၀၀၀ ကျော် ထုတ်ပေးခဲ့သည်။ ယူကရိန်းနိုင်ငံသည် အိန္ဒိယနှင့် နီပေါကဲ့သို့သော တောင်အာရှနိုင်ငံများအပြင် လက်တင်အမေရိကနိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများကိုလည်းလိုအပ်လျက်ရှိသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်လည်း တောင်အာရှလုပ်သားများကို ပိုမိုခေါ်ယူလာခဲ့ကြသည်။

ရုရှားနိုင်ငံ၏ ရွှေ့ပြောင်းလုပ်သားများအတွက် အခွင့်အလမ်းနှင့် လုပ်ထုံးလုပ်နည်းများအား ယူကရိန်းနိုင်ငံသည် အမီလိုက်နိုင်ရန် အလျင်စလို လုပ်ဆောင်နေသည်။ ယူကရိန်းနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားများ၏ ယာယီ နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် ပါမစ်များအား ပိုမိုလွယ်ကူစေရန်အတွက် ဥပဒေပြုရေးကို

ယူကရိန်း ပါလီမန်သို့ တင်သွင်းထားပြီး မကြာမီဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။

ယူကရိန်းနိုင်ငံရှိ Gowork Outsourcing အလုပ်သမား အေဂျင်စီသည် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အိန္ဒိယနှင့် နီပေါလုပ်သားများကို ချိတ်ဆက်ပေးခဲ့သည်။ ယူကရိန်နိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပြင် စိုက်ပျိုးရေး လုပ်သားများကိုလည်း လိုအပ်လျက်ရှိသည်။ ယူကရိန်းနိုင်ငံသည် ၂၀၂၆ ခုနှစ်မှ ၂၀၃၆ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်းတွင် အလုပ်သမား ၄.၅ သန်းခန့် လိုအပ်မည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ၄၀% ခန့် လိုအပ်မည်ဖြစ်သည်။

Source: https://asia.nikkei.com/economy/indian-workers-shore-up-wartime-economies-of-russia-ukraine

ဒေါ်ဆုအိမ်သူ
ဒုတိယဦးစီးမှူး
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## BRICS တံခါးကို အမြဲဖွင့်ထားဆဲဟု သံတမန်ဆို- ၂၀၂၆ ခုနှစ်တွင် အဖွဲ့ဝင်သစ်များ ထပ်တိုးမည်ဟု အရိပ်အမြွက်ပြောကြား

စိတ်တူကိုယ်တူရှိသော နိုင်ငံများအတွက် BRICS မဟာမိတ်အဖွဲ့၏ တံခါးများကို အမြဲဖွင့်လှစ်ထားကြောင်း ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီး Sergey Ryabkov က ပြောကြားခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပမည့် ၁၈ ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်သစ်များ တိုးချဲ့လာနိုင်ခြေရှိကြောင်းကိုလည်း ၎င်းကအရိပ်အမြွက် ပြောဆိုခဲ့ပါသည်။ ထိုပြောဆိုချက်သည် အဖွဲ့သို့ဝင်ရောက်ရန် နိုင်ငံအများအပြားက စီစဉ်နေသည်ဟူသော ခန့်မှန်းချက်များ ထွက်ပေါ်နေချိန်တွင် ပေါ်ထွက်လာခြင်းဖြစ်ပါသည်။

နယူးဒေလီတွင်ပြုလုပ်သည့် Sherpa’s Meeting ၌ Ryabkov က **“BRICS ရဲ့ တံခါးများကို ဖွင့်ထားဆဲပါ”** ဟု ပြောကြားခဲ့ပါသည်။ အဖွဲ့ဝင်သစ်များကို ယခုနှစ်အတွင်း အတည်ပြုခန့်အပ်မည့် အကြောင်းအား မေးမြန်းရာတွင်မူ အချိန်ကာလ

အတိအကျပြောရန် ငြင်းဆိုခဲ့ပြီး **"ဒီလို ဆုံးဖြတ်ချက်တွေအတွက် ကျွန်တော်တို့က လုပ်ကြံဖန်တီးထားတဲ့ အချိန်ကာလတွေ ဒါမှမဟုတ် သတ်မှတ်ရက်တွေကို ချမှတ်မှာ မဟုတ်သလို ချမှတ်မှာလည်း မဟုတ်ပါဘူး။ အဖွဲ့ထဲကို ဝင်ချင်တဲ့ နိုင်ငံတွေ ကလည်း ဒါကို သိကြပါတယ်"** ဟု ၎င်းပြောကြားခဲ့ပါသည်။

## ၂၀၂၆ ခုနှစ်တွင် တိုးချဲ့ရေးအတွက် ဆွေးနွေးမှုများရှိနေကြောင်း သံတမန်က အတည်ပြု

၂၀၂၆ ခုနှစ် ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်တိုးချဲ့ရေး ကိစ္စကို BRICS အနေဖြင့် စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း Ryabkov က ထုတ်ဖော်ပြောကြားခဲ့ပါသည်။ နယူးဒေလီ အစည်းအဝေးရှိ Sherpa များက အခြေခံအချက်အလက်များကို ပြင်ဆင်နေကြပြီဖြစ်သည်။ လက်ရှိတွင် BRICS သည် အဖွဲ့ဝင် (၁၁) နိုင်ငံ ရှိသည့် အစုအဖွဲ့ဖြစ်ပြီး အခြားနိုင်ငံ (၁၃) နိုင်ငံက မိတ်ဖက်နိုင်ငံများ အဖြစ် ပါဝင်နေသည်။ ခန့်မှန်းခြေ အားဖြင့် နိုင်ငံပေါင်း (၄၅) နိုင်ငံ ခန့်က ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန် အဖွဲ့ဝင် အဖြစ် လျှောက်ထားလိုကြသည်။




BRICS တိုးချဲ့ရေးလုပ်ငန်းစဉ်များသည် စတင်နေပြီဖြစ်ပြီး ၂၀၂၆ ခုနှစ် ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက အတည်ပြုပြောကြားခဲ့ပါသည်။ **"BRICS ဟာ အခုအချိန်မှာ မိတ်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုပုံစံကို တိုးချဲ့ဖို့နဲ့ မြှင့်တင်ဖို့နည်းလမ်းတွေကို ဆွေးနွေးနေတဲ့ အဆင့်မှာရှိနေပါတယ်။ ဒါဟာ BRICS နဲ့ ပိုမိုနီးကပ်တဲ့ ဆက်ဆံရေး တည်ဆောက်ချင်တဲ့ တောင်းဆိုမှုတွေကို ဖြည့်ဆည်းပေးမယ့် နောက်ထပ်နည်းလမ်းတစ်ခုပါပဲ"** ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

## ယခင် အတွေ့အကြုံနှင့် အလားအလာ

၂၀၂၄ ခုနှစ်တွင် BRICS အဖွဲ့က နိုင်ငံသစ် (၆) နိုင်ငံကို ဖိတ်ခေါ်ခဲ့သော်လည်း (၄) နိုင်ငံသာ လက်ခံခဲ့ပါသည်။ အာဂျင်တီးနားနိုင်ငံကပါဝင်ရန်

ပြတ်ပြတ်သားသားငြင်းဆိုခဲ့သလို ဆော်ဒီအာရေးဗီးယားနိုင်ငံ ကလည်းအဖွဲ့ထဲမှ ဖြည်းဖြည်းချင်း နောက်ဆုတ်သွားခဲ့ပါသည်။ ဆော်ဒီနိုင်ငံ အနေဖြင့် ၎င်းတို့ ၏ Vision 2030 စီမံကိန်းကြောင့် အနောက်နိုင်ငံများနှင့် ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားလိုခြင်းကြောင့်ဖြစ်ပါသည်။

ထို့ကြောင့် အိန္ဒိယတွင်ကျင်းပမည့် ၂၀၂၆ BRICS ထိပ်သီး အစည်းအဝေးတွင် အဖွဲ့ဝင်သစ်တိုးချဲ့မှု အမှန်တကယ် ဖြစ်လာမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်သာဖြစ်ပါသည်။

Source: https://watcher.guru/news/brics-door-remains-open-says diplomat-hinting-at-2026-expansion

ဒေါ်ဇာလီနွယ်
ဒုတိယညွှန်ကြားရေးမှူး
ဦးစီးရုံး (ညွှန်ကြားရေးမှူးချုပ်ရုံးခန်း)
ပြည်ထောင်စုဝန်ကြီးရုံး

---

## ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံတွင် အကြီးဆုံးခရီးသွားလုပ်ငန်းဖြစ်လာဟုဆို




ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံတွင်အကြီးဆုံး ခရီးသွားလုပ်ငန်းအဖြစ် ပေါ်ထွက်လာခဲ့ကြောင်း Global and national authorities ၏ အချက်အလက်များကို ကိုးကား၍ ခရီးသွားလုပ်ငန်းဝန်ကြီး ခရစ္စတီးနားဖရာစကိုက ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၄ ရက်နေ့ တွင် ပြောကြားခဲ့ပါသည်။ မနီလာပင်လယ်အော်တွင် ဝန်ကြီးခရစ္စတီးနားဖရာစကိုက မိန့်ခွန်းပြောကြားရာ၌ အာဆီယံခရီးသွား လုပ်ငန်းဖိုရမ်တွင် World Travel and Tourism Council (WTTC) မှ တင်ပြခဲ့သည့် စီးပွားရေးသက်ရောက်မှု အစီရင်ခံစာအရ ဖိလစ်ပိုင် နိုင်ငံသည် နိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်ကုန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများတွင် ခရီးသွားလုပ်ငန်းပါဝင်မှု ပမာဏအပေါ် မူတည်၍ အာဆီယံတွင် အကြီးဆုံးခရီးသွား လုပ်ငန်းအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း

ပြောကြားခဲ့ပါသည်။

WTTC ၏ ဖော်ပြချက်အရ ခရီးသွားလုပ်ငန်းသည် ယခုအခါ နိုင်ငံအလုပ်အကိုင်ရရှိမှု၏ ၂၃ ရာခိုင်နှုန်းခန့်ရှိပြီး အလုပ်အကိုင် သန်းပေါင်းများစွာကို ပံ့ပိုးပေးလျက်ရှိပါသည်။ အဆိုပါကိန်းဂဏန်းအချက်အလက်များသည် လူထုဆက်ဆံရေးနှင့် ကိုယ်ကျိုး စီးပွားအတွက် ဖန်တီးထားသော ကိန်းဂဏန်းများမဟုတ်ဘဲ ခရီးသွားလုပ်ငန်းဆိုင်ရာ လွတ်လပ်သော ကမ္ဘာလုံးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ အကဲဖြတ်ရလဒ်ဖြစ်ကြောင်း ဝန်ကြီးခရစ္စတီးနားဖရာစကိုက ပြောကြားခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းအဖွဲ့ (PSA) ၏ အချက်အလက်များအရ ခရီးသွားလုပ်ငန်းမှ နိုင်ငံတကာနှင့် ပြည်တွင်း ဝင်ငွေ ပီဆို ၃.၈၆ ထရီလီခန့်ကို ရရှိစေခဲ့ပြီး ဖိလစ်ပိုင်လူမျိုး ၁၆.၄ သန်းခန့်ကို အလုပ်အကိုင်များ ပေးအပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။



နိုင်ငံတကာ ခရီးသွားများ လာရောက် လည်ပတ်မှုသည် ကပ်ရောဂါမတိုင်မီက လာရောက်သည့် အခြေအနေသို့ အပြည့်အဝ မရောက်ရှိသေးသော်လည်း ခရီးသွား ဝင်ငွေများပြန်လည် ကောင်းမွန်လာပြီ ဖြစ်သည့်အတွက် နိုင်ငံ၏ခရီးသွား လုပ်ငန်းသည်တန်ဖိုးမြင့် ခရီးသွားလုပ်ငန်းအဖြစ်သို့ ပြောင်းလဲလာကြောင်း ဝန်ကြီးခရစ္စတီးနားဖရာစကိုက ပြောကြားခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ လက်ရှိအစိုးရလက်ထက်တွင် ခရီးသွားလုပ်ငန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို များစွာပံ့ပိုးပေးလျက်ရှိပြီး အစိုးရအနေဖြင့် ကမ်းခြေခရီးအပန်းဖြေမှု ဝန်ဆောင်မှုများအပြင် အမွေအနှစ်၊ ယဉ်ကျေးမှု၊ ပွဲတော်များ၊ အစားအသောက်များနှင့် ရပ်ရွာအခြေပြု အတွေ့အကြုံ များပါဝင်သည့် ခရီးသွားလုပ်ငန်းစုများကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်။

ခရီးသွားဌာန (Department of Tourism - DOT) ၏ အချက်အလက်များအရ လက်ရှိတွင် တစ်ဦးချင်းခရီးသွား အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၂,၇၀၃ ခန့်ရှိသဖြင့် အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်ကြောင်း သိရှိရပါသည်။

ပြည်တွင်းခရီးသွားလုပ်ငန်းသည် နိုင်ငံ၏တိုးတက်မှုတစ်ခုဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ပြည်တွင်းခရီးစဉ် ၁၂၂ သန်း ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ၁၃၄ သန်းထိ မြင့်တက်လာခဲ့ရာ ပြည်တွင်းခရီးသွားလုပ်ငန်းဈေးကွက်သည် အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံကျော် တန်ဖိုးရှိသဖြင့် ဒေသတွင်းအကြီးဆုံး လုပ်ငန်းဖြစ်ကြောင်း ဝန်ကြီးဖရာစကိုက ပြောကြားခဲ့ပါသည်။

လွန်ခဲ့သည့်နှစ်များအတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် သဘာဝဘေးအန္တရာယ်များ၊ ကမ္ဘာ့စီးပွားရေး ဖိအားများနှင့် ဈေးကွက်ရှာဖွေရေး ရန်ပုံငွေများ သိသိသာသာလျော့ကျခြင်းတို့ကို ရင်ဆိုင်ခဲ့ရသဖြင့် ၂၀၂၃ ခုနှစ်တွင် ပီဆို ၁.၃ ဘီလီယံရှိရာမှ ၂၀၂၅ ခုနှစ်တွင် ပီဆို သန်း ၁၀၀ ထိ ကျဆင်းသွားခဲ့ပါသည်။ ထိုသို့သော စိန်ခေါ်မှုများရှိနေသော်လည်း ၂၀၂၅ ခုနှစ်တွင် နိုင်ငံတကာမှ လာရောက်လည်ပတ်သူ ၆.၄၈ သန်းရှိခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် အလုပ်အကိုင်များ တည်ငြိမ်မှုရှိခဲ့ကြောင်း ဝန်ကြီးဖရာစကိုက ပြောကြားခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ကျင်းပခဲ့သော အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်သို့ ခရီးသွားလုပ်ငန်းများမှကိုယ်စားလှယ် ၂,၀၀၀ ကျော်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ဝယ်ယူသူများနှင့် နိုင်ငံတကာမီဒီယာများ ပါဝင်တက်ရောက်ခဲ့ပြီး အဆိုပါဖိုရမ်နှင့် တစ်ဆက်တည်းကျင်းပခဲ့သည့် Travel Exchange (TravelEx) ၏ အစီရင်ခံစာများအရ ဖိလစ်ပိုင်နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ထုတ်ကုန်များရောင်းချသူ ၈၁ ရာခိုင်နှုန်းသည် ပွဲကျင်းပပြီးသည့် ရက်အနည်းငယ်အတွင်း၌ ပီဆို ၁.၄ ဘီလီယံ ကျော် ရောင်းချနိုင်ခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.gmanetwork.com/news/topstories/nation/975337/dot-says-ph-now-asean-s-biggest-tourism-economy-cites-wttc-psa-data/story/

ဒေါ်ယမင်းသော်
လက်ထောက်ညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ဖင်လန်နိုင်ငံအခြေစိုက် IQM ကုမ္ပဏီသည် လုပ်ငန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁.၈ ဘီလီယံ သတ်မှတ်ချက်ဖြင့် ဥရောပ၏ ပထမဆုံးသော စတော့အိတ်ချိန်းစာရင်းဝင် ကွမ်တမ် နည်းပညာကုမ္ပဏီများထဲမှ တစ်ခုဖြစ်လာခြင်း

ဖင်လန်နိုင်ငံအခြေစိုက် ကွမ်တမ်ကွန်ပျူတာ (Quantum Computing) ကုမ္ပဏီတစ်ခု ဖြစ်သည့် IQM သည် ဥရောပ၏ ပထမဆုံးသော အများပိုင်စာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်လာရန် ပြင်ဆင်နေကြောင်း ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် တနင်္လာနေ့တွင် ကြေညာခဲ့သည်။ IQM သည် နယူးယောက် စတော့အိတ်ချိန်းတွင် စာရင်းဝင်နိုင်ရန်အတွက် အထူးရည်ရွယ်ချက်ဖြင့် တည်ထောင်ထားသောကုမ္ပဏီ (SPAC) ဖြစ်သည်။ Real Asset Acquisition Corp (RAAQ) နှင့် ပေါင်းစည်းသွားမည်ဖြစ်သည်။ ဤသဘောတူညီချက်အရ IQM ၏ ကနဦးတန်ဖိုးကို အမေရိကန်ဒေါ်လာ ၁.၈ ဘီလီယံ သတ်မှတ်ထားပြီး ရှယ်ယာရှင်များ၏ သဘောတူညီချက်နှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ခွင့်ပြုချက်များရရှိရန် စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း ကုမ္ပဏီ၏ ၂၀၂၆ ခုနှစ်၊ ၂၃ ရက် တနင်္လာနေ့ ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းစဉ်များကို ယခုနှစ် ဒုတိယသုံးလပတ်တွင် ပြီးဆုံးရန် ရည်မှန်းထားပြီး၊ ယင်းနောက်တွင် စတော့စာရင်းဝင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် ဖင်လန်နိုင်ငံရှိ ဟယ်လ်စင်ကီ စတော့အိတ်ချိန်းတွင်လည်း နှစ်မျိုးတွဲ စတော့စာရင်း (Dual Listing)သွင်းရန် စဉ်းစားနေသည်။

၂၀၁၈ ခုနှစ်တွင် စတင်တည် ထောင်ခဲ့သော IQM သည် ပြီးခဲ့သည့် စက်တင်ဘာလက Series B ရန်ပုံငွေ ရှာဖွေပွဲတွင် အမေရိကန်ဒေါ်လာ၃၂၀သန်း ရရှိခဲ့ပြီး ကုမ္ပဏီတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ ရှိလာခဲ့သည်။ အဆိုပါ ရန်ပုံငွေရှာဖွေမှုကို အမေရိကန် ဆိုက်ဘာလုံခြုံရေးကို အာရုံစိုက်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း Ten Eleven Ventures က ဦးဆောင်ခဲ့ပြီး ဖင်လန်နိုင်ငံမှ Tesi ကုမ္ပဏီကလည်းပါဝင် ရင်းနှီးမြှုပ်နှံခဲ့သည်။ IQM သည် တိုက်ရိုက် တပ်ဆင်အသုံးပြုနိုင်သော သို့မဟုတ် Cloud မှ တစ်ဆင့် အသုံးပြုနိုင်သော ကွမ်တမ် စနစ်၏များကို တည်ဆောက်နေသည့် ကုမ္ပဏီဖြစ်သည်။

SPAC မှ ရင်းနှီးမြှုပ်နှံသူများသည် စတော့စာရင်းမဝင်မီ ၎င်းတို့၏ ငွေကြေးများကို ပြန်လည်ထုတ်ယူခြင်းမျိုး မရှိခဲ့ပါက၊ ဤကုမ္ပဏီနှစ်ခု ပေါင်းစည်း

ခြင်းမှတစ်ဆင့် အများပိုင်ရှယ်ယာရင်းနှီးမြှုပ်နှံမှု (PIPE) နှင့် RAAQ ၏ အပ်နှံငွေစာရင်းထဲမှ ငွေသားများအသွင်ဖြင့် ကုမ္ပဏီအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် ထပ်မံရရှိနိုင်မည်ဖြစ်သည်။




ကွမ်တမ်ကွန်ပျူတာများသည် သာမန် ကွန်ပျူတာများထက် အဆပေါင်းများစွာ ပိုမိုမြန်ဆန် စွာတွက်ချက်နိုင်ပြီး ပိုမိုရှုပ်ထွေးသော ပြဿနာများနှင့် ဒေတာပမာဏ အမြောက်အမြားကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ရသည်။ ယင်းနည်းပညာသည် ဆေးပညာ၊ သိပ္ပံနှင့် ဘဏ္ဍာရေး ကဏ္ဍများတွင် အဓိကကျသော တိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ဤနည်းပညာသည် စီးပွားရေး လုပ်ငန်းခွင်များတွင် လက်တွေ့အသုံးမပြုနိုင်သေးဘဲ အောင်မြင်ဖြစ်ထွန်းရန် အတွက် ကျော်လွှားရမည့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများစွာ ရှိနေသော်လည်း အချို့သောလေ့လာဆန်းစစ်သူများကမူ ကွမ်တမ်ကဏ္ဍ၏ အနာဂတ်အလားအလာအပေါ် အကောင်းမြင်နေကြသည်။

စိန်ခေါ်မှုများစွာ ရှိနေသော်လည်း ကွမ်တမ်နယ်ပယ်တွင် သိသာထင်ရှားသော အောင်မြင် မှုများကို စတင်မြင်တွေ့နေရပြီဖြစ်ကြောင်း UBS ဘဏ်မှ လေ့လာဆန်းစစ်သူများက ၂၀၂၆ ခုနှစ် ဇန်နဝါရီလထုတ် အစီရင်ခံစာတစ်ခုတွင် ရေးသားဖော်ပြခဲ့သည်။ ကွမ်တမ်ကွန်ပျူတာ နည်းပညာသည် သိပ္ပံစမ်းသက်ချက်တစ်ခုမဟုတ်ဘဲ ဝယ်ယူသူများ ကိုယ်တိုင်ပိုင်ဆိုင်နိုင်ပြီး ကိုယ်တိုင်အသုံးပြုကာ အဆင့်မြင့် ကွမ်တမ်ကွန်ပျူတာများပေါ် ထပ်ဆင့်တည်ဆောက်သွားနိုင်မည့် လုပ်ငန်း ကဏ္ဍတစ်ခုဖြစ်နေပြီဟု IQM ၏ ပူးတွဲတည်ထောင်သူနှင့် စီအီးအို Jan Goetz က ပြောကြားခဲ့ပါ သည်။

IQM သည် ယနေ့အထိ ကွမ်တမ်စနစ် ၂၁ ခုကို ဝယ်ယူသူ ၁၃ ဦးထံ ရောင်းချထားပြီးဖြစ်ကြောင်း ကုမ္ပဏီကပြောကြားခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် စာရင်းစစ်ဆေးထားခြင်း မရှိသေးသော ဝင်ငွေအနည်းဆုံး အမေရိကန်ဒေါ်လာ ၃၅ သန်း ရရှိခဲ့ပါသည်။ အချို့သော စီးပွားရေးလုပ်ငန်းများသည် ယခုဆယ်စုနှစ်

အကုန်တွင် ကွမ်တန်ကွန်ပျူတာများကို စီးပွားဖြစ်လက်တွေ့ အသုံးပြုရန် ရည်မှန်းထားကြရာ ထိုနည်းပညာကို ဒေတာစင်တာကဏ္ဍနှင့် မည်သို့ပေါင်းစပ် ဆောင်ရွက်မည်ဆိုသည်နှင့် ပတ်သက်၍ ဆွေးနွေးမှုများ စတင်နေပြီဖြစ်ပါသည်။

၂၀၂၄ ခုနှစ်အထိ တရုတ်နိုင်ငံသည် ကွမ်တမ်နည်းပညာ (Quantum Technology) တွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၇.၆ ဘီလီယံဖြင့် ကမ္ဘာ့ထိပ်တန်းမှ ဦးဆောင်နေသည်။ ၂၀၂၄ ခုနှစ် အတွင်းရရှိသော အချက်အလက်များအရ ကွမ်တမ်နည်းပညာ ကဏ္ဍတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု (Public Investment) ပမာဏသည် ပုဂ္ဂလိက ကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှု (Private Funding) ထက် သိသိသာသာ ပိုမိုများပြားလျက် ရှိနေပါသည်။

IQM သည် ဥရောပရှိ ကွမ်တမ်ကွန်ပျူတာ နယ်ပယ်တွင် ပါဝင်နေသော ကုမ္ပဏီများထဲမှ တစ်ခုသာဖြစ်ပါသည်။ အခြားဥရောပ ကုမ္ပဏီများဖြစ်သည့် ဗြိတိန်အခြေစိုက် Quantinuum (ကွမ်တီနူယမ်) သည် ပြီးခဲ့သည့်နှစ်တွင် နှစ်ကြိမ်တိုင်တိုင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၈၀၀ ရရှိခဲ့ပြီး၊ စပိန်နိုင်ငံမှ Multiverse Computing (မာလ်တီဗားစ် ကွန်ပြူတင်း) သည်လည်း Series B ရန်ပုံငွေရှာဖွေပွဲတွင် ယူရို ၁၈၉ သန်း (အမေရိကန်ဒေါ်လာ ၂၁၅ သန်းခန့်) ရရှိခဲ့ပါသည်။ တရုတ်နိုင်ငံသည် ကွမ်တမ်နည်းပညာကဏ္ဍတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု (Public Investment) အများဆုံးပြုလုပ်ထားသည့် နိုင်ငံအဖြစ်ဦးဆောင်နေသည်။ ဥရောပ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးစီးပွားရေးဗဟိုဌာန (ECIPE) ၏ အဆိုအရ တရုတ်နိုင်ငံသည် ကွမ်တမ်နည်းပညာအတွက် အစိုးရရန်ပုံငွေ ဒေါ်လာ ၁၈ ဘီလီယံနီးပါးအထိ စိုက်ထုတ်မြှုပ်နှံထားပြီး၊ ၎င်း၏နောက်တွင် ဥရောပသမဂ္ဂ (EU) က ဒုတိယအများဆုံး ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.cnbc.com/2026/02/23/finlands-iqm-listing-quantum-computing.html

ဒေါ်ပြည့်ပြည့်ဖြိုး
ဒုတိယဦးစီးမှူး
ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား

ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။
www.mifer.gov.mm